**ကချင်ပြည်နယ်မြစ်ကြီးနားတိုင်းရင်းဆေးရုံတွင် တက်ရောက်ကုသမှုခံယူခဲ့သော ထုံကနစိုရောဂါအား လေ့လာတင်ပြခြင်း**

ဝေဝေမွန်နှင့်အဖွဲ့
မြစ်ကြီးနားတိုင်းရင်းဆေးရုံ

မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်တွေ့ကုသပျောက်ကင်းမှုများကို အခြေခံသော ဆေးပညာ (Experience Based Medicine)မှ လက်တွေ့ သိပ္ပံနည်းကျ သက်သေအထောက်အထား များကို အခြေပြုသော ဆေးပညာ (Evidence Based Medicine) ဖြစ်ပေါ်စေရန် လိုအပ်ပါသည်။ မြစ်ကြီးနား တိုင်းရင်းဆေးရုံတွင် လာရောက်ကုသမှုခံယူသော လူနာများတွင် ထုံနစို ရောဂါရှင်များကို များပြားစွာတွေ့ရှိရပါသည်။ ကုသမှုခံယူရာတွင် လက်တွေ့ပျောက်ကင်းမှု ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ထုံနစိုရောဂါလူနာများ၏ ဖြစ်ပုံအကြောင်းအရာ၊ လက္ခဏာ၊ ကုသဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို သုတေသနပြုဆန်းစစ်လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တင်ပြခြင်းဖြင့် ပြည်သူလူထုတွင် ကျန်းမာရေး အသိပညာ တိုးပွားလာနိုင်ပေသည်။ ထုံနစိုရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး ရောဂါဖြစ်ပွားလာပါက နည်းစနစ်မှန်ကန်စွာ စနစ်တကျ ကုသမှုခံယူနိုင်မည်ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူလည်း ဖြစ်နိုင်ပေမည်။